# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## အသေးစားငွေရေးကြေးရေးလုပ်ငန်းကြီးကြပ်မှုကော်မတီ

ဖုန်း- ၀၆၇ ၃၄၁၀၅၃၈ ၊ ၀၆၇ ၃၄၁၀၁၉၀ ၊ အီးမေးလ် - microfrd@gmail.com

စာအမှတ်၊ ငကစ/ကက-၁/၆(၁၀၅/၂၀၁၈)

ရက် စွဲ၊ ၂၀၁၈ ခုနှစ် မတ်လ ၂၉ ရက်

အကြောင်းအရာ။ **နေမင်းရောင်ခြည် အသေးစား ငွေရေးကြေးရေးအသင်းမှ ငွေကျပ်တစ်သောင်းတန် ငွေစက္ကူအတုများ သိမ်းဆည်းရမိခြင်းနှင့် စပ်လျဉ်း၍ လုပ်ငန်းဆောင်ရွက်ချက်များအား ကန့်သတ်ခြင်း**

ရည် ညွှန်း ချက်။ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၏ ၂၁-၃-၂၀၁၈ ရက်စွဲပါညွှန်ကြားချက်

၁။ နေမင်းရောင်ခြည်အသေးစားငွေရေးကြေးရေးအသင်းမှ ၁၃-၃-၂၀၁၈ ရက်နေ့ တွင် ပုဗ္ဗသီရိမြို့နယ်၊ ဥယျာဉ်ကျေးရွာမှ အသင်းသား ၅၃ ဦးသို့ ချေးငွေ ကျပ် ၂၂၉၈၀၀၀၀ (ကျပ်နှစ်ရာနှစ်ဆယ့်ကိုးသိန်းရှစ်သောင်းတိတိ) ထုတ်ချေးခဲ့ရာ အဆိုပါချေးငွေများတွင် တစ်သောင်း တန် ငွေစက္ကူအတုများ ပါဝင်နေသည့်ဖြစ်စဉ်နှင့်ပတ်သက်၍ နေမင်းရောင်ခြည် အသေးစား ငွေရေးကြေးရေးအသင်းမှ ဝန်ထမ်းများဖြစ်သည့် ငွေကိုင်ဒေါ်ချစ်ဆုဝေ ၊ စီမံကိန်း ညှိနှိုင်းရေးမှူးဒေါ်အိဖြူအေးတို့က နေမင်းရောင်ခြည် အသေးစားငွေရေးကြေးရေး အသင်းပိုင် ကာလာမိတ္တူကူးစက် များအသုံးပြု၍ တစ်သောင်းတန် ငွေစက္ကူအတု ၁၇၅ ရွက် ပြုလုပ်ခဲ့ကြောင်း တွေ့ရှိရပြီး ငွေစက္ကူအတုပြုလုပ်သူ နှစ်ဦးအား ပုဗ္ဗသီရိမြို့နယ်၊ ထုံးဖိုရဲစခန်းတွင် ဖမ်းဆီးထိန်းသိမ်း၍ မြန်မာနိုင်ငံတော်ဖဟိုဘဏ် ဥပဒေပုဒ်မ ၁၀၅၊ ၁၀၆ ဖြင့် တရားစွဲဆိုမှု ဆောင်ရွက်ခဲ့ပါသည်။

၂။ အဆိုပါဖြစ်စဉ်နှင့်ပတ်သက်၍ အသေးစားငွေရေးကြေးရေးလုပ်ငန်း ကြီးကြပ်မှု ကော်မတီ၏စိစစ်သုံးသပ်ချက်အရ နေမင်းရောင်ခြည်အသေးစားငွေရေးကြေးရေးအသင်းသည် အသေးစားငွေရေးကြေးရေးလုပ်ငန်းဥပဒေနှင့်အညီ လိုင်စင် ရယူဆောင်ရွက်နေသည့် အဖွဲ့အစည်းဖြစ်သော်လည်း မိမိအဖွဲ့အစည်းတွင် တာဝန်ထမ်းဆောင်နေသော ဝန်ထမ်းများအား ကြီးကြပ်ကွပ်ကဲမှု အားနည်းခြင်းနှင့် အသေးစားငွေရေးကြေးရေးလုပ်ငန်းကြီးကြပ်မှုကော်မတီ၏ ညွှန်ကြားချက် အမှတ် (၁/၂၀၁၆) အသင်းဝင် အကာအကွယ်ပေးရေး ဥပဒေသများ (Clients Protection Principles) ကို လိုက်နာရန် ပျက်ကွက်ခဲ့ကြောင်း တွေ့ရှိရပါသည်။

၃။ သို့ဖြစ်ပါ၍ နေမင်းရောင်ခြည်အသေးစားငွေရေးကြေးရေးအသင်းအားအထက်အပိုဒ် (၂)ပါ အချက် များကိုလိုက်နာရန်ပျက်ကွက်သည့်အတွက်အသေးစားငွေရေး ကြေးရေးလုပ်ငန်းဥပဒေပုဒ်မ ၄၄ ၊ ပုဒ်မခွဲ (ခ) အရ အသေးစား ငွေရေးကြေးရေးအဖွဲ့အစည်း၏ လုပ်ငန်းဆောင်ရွက်ချက်များဖြစ်သည့် အသေးစား ချေးငွေထုတ်ချေးခြင်းနှင့် အပ်ငွေလက်ခံခြင်း လုပ်ငန်းများအား (၁) **နှစ်ကန့်သတ်ပိတ်ပင်ကြောင်း** အကြောင်းကြားပါသည်။

၄။ ထိုသို့ လုပ်ငန်းလုပ်ကိုင်ခွင့် ကန့်သတ်ချိန်အတွင်း နေမင်းရောင်ခြည် အသေးစားငွေရေးကြေးရေးအသင်းအနေဖြင့် အသင်းသားများထံမှ ချေးငွေလက်ကျန်များ ပြန်လည်ကောက်ခံခြင်းနှင့် စုဆောင်းငွေလက်ကျန်များ ပြန်လည်ထုတ်ပေးခြင်းတို့ ဆောင်ရွက်ရန် ဖြစ်ပါသည်။

၅။ နေမင်းရောင်ခြည်အသေးစားငွေရေးကြေးရေးအသင်းအနေဖြင့် အထက်ဖော်ပြပါ အပိုဒ်(၄) အား လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ပါက အသေးစားငွေရေးကြေးရေးလုပ်ငန်းဥပဒေ ပုဒ်မ ၄၄၊ ပုဒ်မခွဲ(င)အရ လုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင် ဖျက်သိမ်းရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖော်ပြအပ်ပါသည်။

ဥက္ကဋ္ဌ(ကိုယ်စား)
(ဇော်နိုင်၊ အတွင်းရေးမှူး)

**နေမင်းရောင်ခြည်အသေးစားငွေရေးကြေးရေးအသင်း**
**ပန်းဘဲတန်းမြို့နယ်**
**ရန်ကုန်တိုင်းဒေသကြီး**

မိတ္တူကို

ဥက္ကဋ္ဌ
အသေးစားငွေရေးကြေးရေးလုပ်ငန်းကြီးကြပ်မှုကော်မတီ
စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန
ဒုတိယဥက္ကဋ္ဌ
အသေးစားငွေရေးကြေးရေးလုပ်ငန်းကြီးကြပ်မှုကော်မတီ
စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန
— သိရှိနိုင်ပါရန် တင်ပြအပ်ပါသည်။

အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းများအားလုံး
ဥက္ကဋ္ဌ၊ အသေးစားငွေရေးကြေးရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ
ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်
ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဦးစီးမှူးများ
ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာန
ရုံးလက်ခံ
မျှောစာ